# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ၃၂ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၁-၇-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **ကော့မှူးမြို့နယ်၊ သခွတ်ပင်ကျေးရွာရှိ စက်ရုံမြေ (၁၇.၅) ဧကကို မူလလုပ်ပိုင်ခွင့်ရ လယ်သမားများထံ မည်သည့်အချိန်တွင် ပြန်လည်လွှဲပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေးမောင်၊ ဘောလခဲ မဲဆန္ဒနယ်၏ **ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ စီမံကိန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်နေမှုသည် ပြည်သူလူထုထံ အမှန်တကယ် အကျိုးသက်ရောက်မှုရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဌေးမောင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ် ကျောက်ထုအခြေခံပညာအထက်တန်းကျောင်းအတွက် စာသင်ခန်း(၁၂)ခန်းနှင့် ကျောင်းဆောင်အသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ်၊ ပိုးရှိပြင်ကျေးရွာ အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဘဌေး၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **လေးမျက်နှာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း(၁၅)ကျောင်းသည် အန္တရာယ်ရှိ အဆောက်အအုံ အပါအဝင် ကျောင်းဆောင်ဟောင်းများ ဖြစ်နေသည့် အတွက် ၂၀၁၄–၂၀၁၅ ပြည့်စွက်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများနှင့် ပညာရေးမှူးများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **သထုံမြို့နယ်ရှိ ယိုယွင်းပျက်စီးနေသော သင်းတော် အ.မ.က မူလွန် နှစ်ထပ်ကျောင်းအား ၂၀၁၄–၂၀၁၅ ပြည့်စွက်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအိုက်မုန်း၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ်၊ လွယ်ကန်ကျေးရွာရှိ ဟောင်းနွမ်းနေသော မူလွန်ကျောင်းဆောင်အား ဖျက်သိမ်းပြီး သင့်လျော်သော ကျောင်းဆောင်သစ် တစ်ဆောင်ကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်က **“ ကျေးလက်နေ တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် အခက်အခဲကို ဖြေရှင်းပေးနိုင်ပါရန် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့များအား တိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ကျန်းမာရေးမြှင့်တင်မှုကော်မတီက **“ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း ”** ကို တင်သွင်းခြင်း၊

၈။ **“မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း ”**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၉။ ကျန်းမာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသည့် **“မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း ”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။